**နောက်ဆက်တွဲ**

**မြန်မာ့စီးပွားရေးလုပ်ငန်းများပွင့်လင်းမြင်သာမှု- သုတေသနမေးခွန်းလွှာ**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒ**[1]

၁.အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းကို ကုမ္ပဏီကလူသိရှင်ကြားထုတ်ပြန်ထားမှုရှိပါသလား။

၂. အဂတိလိုက်စားမှုဥပဒေများအပါအဝင် သက်ဆိုင်ရာဥပဒေအားလုံးအား လိုက်နာဆောင်ရွက်မှုကို ကုမ္ပဏီက လူသိရှင်ကြားထုတ်ပြထားမှုရှိပါသလား။

၃. အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကုမ္ပဏီခေါင်းဆောင်မှုပိုင်က (ဘုတ်အဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှု၏ ထိပ်ပိုင်းတာဝန်ရှိသူများ) က အထောက်အပံ့ပေးမှုရှိပါသလား။

၄. ကုမ္ပဏီ၏ လိုက်နာရန်ကျင့်ဝတ်များ/အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများကို ဝန်ထမ်းအားလုံးနှင့် ဒါရိုက်တာများအပေါ် ရှင်းလင်းစွာကျင့်သုံးပါသလား။

၅. ကုမ္ပဏီ၏ လိုက်နာရန်ကျင့်ဝတ်များ/အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများကို ဝန်ထမ်းမဟုတ်သော်လည်း ကုမ္ပဏီ၏ကိုယ်စားဆောင်ရွက်ခွင့်ရှိသူသို့မဟုတ် ကုမ္ပဏီကိုကိုယ်စားပြုသူ (ဥပမာ- အေးဂျင့်များ၊ အကြံပေးများ၊ ကိုယ်စားလှယ်တော်များသို့မဟုတ် ကြားပွဲစားများ)အပေါ် ရှင်းလင်းစွာကျင့်သုံးပါသလား။

---

[1] Anti-corruption policy questions derived from Transparency International's Transparency in Corporate Reporting study. "© Transparency International. All Rights Reserved. For more information, visit http://www.transparency.org."

၆. ကုမ္ပဏီ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်ကို ကန်ထရိုက်စာချုပ်အရ ကုန်စည်နှင့်ဂန်ဆောင်မှုများပေးသွင်းသည့် မိမိကုမ္ပဏီထိန်းချုပ်မှု အောက်တွင်မရှိသည့် လုပုဂိုလ်များသို့မဟုတ် လုပ်ငန်းများ (ဥပမာ- ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ ပစ္စည်းပေးသွင်းသူများ) အပေါ် ကျင့်သုံးပါသလား။

၇. ကုမ္ပဏီဂန်ထမ်းများနှင့် ဒါရိုက်တာများအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးသင်တန်း အစီအစဉ် ကုမ္ပဏီတွင် ရှိပါသလား။

၈. လက်ဆောင်ပစ္စည်းများ၊ ဧည့်ခံမှုများနှင့် အသုံးစာရိတ်များအပေါ် မူဂါဒတစ်ခုကုမ္ပဏီတွင် ရှိပါသလား။

၉. လုပ်ငန်းအဆင်ပြေအောင် ငွေပေးရခြင်းကိုရှင်းလင်းစွာ တားမြစ်သည့် မူဂါဒတစ်ခုရှိပါသလား။

၁၀. ဂန်ထမ်းများနှင့် အခြားသူများကစိုးရိမ်ပူပန်မှုများနှင့် ချိုးဖောက်မှုများအစီရင်ခံခြင်း (လုပ်ငန်းအစီအစဉ်၏) ကိုဒဏ်ပြန်မခံရဘဲ ပြုလုပ်နိုင်သည့် လုပ်ငန်းအစီအစဉ်ရှိပါသလား။

၁၁. အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဂါဒများ၏ သံသယဖြစ်ဖွယ် ချိုးဖောက်မှုများကို ဂန်ထမ်းများက တင်ပြနိုင်မည့် လမ်းကြောင်းတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။ ယင်းလမ်းကြောင်းသည် လျှို့ဂှက်နှင့်/သို့မဟုတ် အမည်မဖော်ဘဲတင်ပြခြင်း (ဖော်ကောင်လုပ်ခြင်း) ပြုလုပ်နိုင်ပါသလား။

၁၂. လုပ်ငန်းအစီအစဉ်၏ ရေရှည်တည်တံ့မှု၊ အရည်အသွေးပြည့်ဂမှုနှင့် ထိရောက်မှု၊ သင့်လျော်သလို တိုးတက်မှုများ အကောင်အထည်ဖော်မှုတို့ကို ပြန်လည်သုံးသပ်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်၏ ပုံမှန်စောင့်ကြပ်ကွပ်ကဲမှုကို ကုမ္ပဏီကလုပ်ဆောင်ပါသလား။

၁၃. ဤသို့သောပါဂင်ပက်သက်မှုကို တားမြစ်သည် သို့မဟုတ် မတားမြစ်ဟုနိုင်ငံရေးအရ ပါဂင်ပက်သက်မှုနှင့်ဆိုင်သည့် မူဂါဒတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။ ယင်းသို့သောပါဂင်မှုများကို လူသိရှင်ကြားထုတ်ဖော် ပြောဆိုရန် လိုအပ်ပါသလား။

Myanmar Centre for Responsible Business

## အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု[2]

၁၄. ကုမ္ပဏီသည်မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲများအားလုံးကို ဖော်ပြထားပါသလား။ ဥပမာ- စီအီးအို/ဥက္ကဌ နှစ်နေရာယူထားသည့် ကုမ္ပဏီများအရေအတွက်။

၁၅. မိမိစာရင်းတွင်အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီတွင် ပိုင်ဆိုင်သည့်ရာခိုင်နှုန်းကို ကုမ္ပဏီက ဖော်ပြထားပါသလား။

၁၆. မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် မှတ်ပုံတင်ထားသည့်နိုင်ငံများကို ကုမ္ပဏီကဖော်ပြထားပါသလား။

၁၇. မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံများကိုကုမ္ပဏီကဖော်ပြထားပါသလား။

၁၈. ကုမ္ပဏီသည် မိမိစာရင်းတွင်အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲများအားလုံးကို ဖော်ပြထားပါသလား။

၁၉. မိမိစာရင်းတွင်အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီတွင် ပိုင်ဆိုင်သည့်ရာခိုင်နှုန်းကို ကုမ္ပဏီက ဖော်ပြထားပါသလား။

၂၀. မိမိစာရင်းတွင် အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် မှတ်ပုံတင်ထားသည့် နိုင်ငံများကိုကုမ္ပဏီကဖော်ပြထားပါသလား။

၂၁. မိမိစာရင်းတွင် အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံများကိုကုမ္ပဏီက ဖော်ပြထားပါသလား။

---

[2] Organizational Transparency questions derived from Transparency International’s Transparency in Corporate Reporting study, except for questions 20-25

၂၂. ကုမ္ပဏီ၏ မူလပိုင်ရှင် (တစ်နည်းအားဖြင့်ကုမ္ပဏီ၏ စီးပွားရေးကို တိုက်ရိုက်လည်းကောင်း သွယ်ဝိုက်၍ လည်းကောင်း ပိုင်ဆိုင်ခြင်းသို့မဟုတ်။ ထိန်းချုပ်ခြင်းပြုလုပ်သောသက်ရှိထင်ရှားလူ)၏ အမည်အားလုံးကို ဖော်ပြထားပါသလား။

၂၃. ကုမ္ပဏီသည် မိမိ၏အဖွဲ့အစည်းအရွယ်အစား (ဥပမာ- ဝန်ထမ်းအရေအတွက်ကို) ဖော်ပြထားပါသလား။

၂၄. ယုံကြည်စိတ်ချရသည့်ပြင်ပစာရင်းစစ်ဝင်ပြီးသော ဘဏ္ဍာရေးဆိုင်ရာတင်ပြမှုကို ကုမ္ပဏီကပြုလုပ်ပါ သလား။

၂၅. အစိုးရကို အခွန်အကောက်နှင့် အခြားမည်သည်တို့ကို ပေးကမ်းကြောင်း ကုမ္ပဏီက ဖော်ပြထားပါသလား။

**လူ့အခွင့်အရေး-ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု -သဘာဝပတ်ဝန်းကျင်သက်ရောက်မှု**

၂၆.ကုမ္ပဏီလူ့အခွင့်အရေး လေးစားလိုက်နာခြင်း မူဝါဒတစ်ခုရှိပါသလား။ မိမိ၏လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝကိုတိုက်ရိုက်လည်းကောင်း သွယ်ဝိုက်၍လည်းကောင်း သက်ရောက်မှုများကို ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းထိခိုက်စေသောအကြောင်းများကို ကြိုတင်တားဆီးခြင်းလုပ်ငန်းများကို ကုမ္ပဏီကလုပ်ဆောင်ပါသလား။

၂၇. ဝန်ထမ်းများဒေသခံနှ့ရတွင်ရှိလူများက ကုမ္ပဏီကိုတိုင်ကြားခြင်း နစ်နာချက်များကုစားခြင်းပြုလုပ်ရန် ဖြေရှင်းရန် ကုမ္ပဏီတွင်လုပ်ငန်းစဉ်ရှိပါသလား။ ယင်းလုပ်ငန်းစဉ်ကို ဝန်ထမ်းများ ဒေသန ရတွင်ရှိလူများသိရန် ကုမ္ပဏီကလုပ်ပါသလား။

၂၈. ကုမ္ပဏီတွင် အောက်ပါ တို့နှင့်လျော်ညီသော ဝန်ထမ်းမူဝါဒတစ်ခု ရှိပါသလား။

- က. မိမိ၏ဝန်ထမ်းများအတွက် တရားမျှတပြီး အတန်အသင့်ကောင်းမွန်သောလစာ
- ခ. လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းအပေးအယူလုပ်ခြင်း
- ဂ. ဝန်ထမ်းခေါ်ယူမှုနှင့် ရာထူးတိုးခြင်းအစရှိသည်ဖြင့် လုပ်ငန်းခွင်တို့တွင် ခွဲခြားဆက်ဆံမှု မပြုရေးမူဝါဒ

၂၉. ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု သဘာဝပတ်ဝန်းကျင်နှင့် ပက်သက်သောမူဝါဒတစ်ခု ကုမ္ပဏီတွင် ရှိပါသလား။ မူဝါဒများ မည်ကဲ့သို့လုပ်ဆောင်ကြောင်း အများပြည်သူသို့တင်ပြမှု ကုမ္ပဏီကလုပ်ပါသလား။

၃၀. ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆထိခိုက် (ဒဏ်ရာရ)သော ကိန်းဂဏန်း အချက်အလက် ကို ထုတ်ပြန်မှုမျိုးကုမ္ပဏီကပြုလုပ်ပါသလား။

၃၁.ကုမ္ပဏီ၏ မြေယာပိုင်ဆိုင်ခြင်းအကြောင်းအချက်များ အများပြည်သူသို့တင်ပြမှု လုပ်ငန်းစဉ် ကုမ္ပဏီတွင် ရှိပါသလား။ ကုမ္ပဏီက၎င်းမြေယာများကို မည်ကဲ့သို့ဝယ်သည်။ အငှားချခဲ့ သည်။ အသုံးချသည် စီမံခန့်ခွဲသည် ကို ထုတ်ပြန်မှုမျိုးပြုလုပ်ပါသလား။

၃၂.ကုမ္ပဏီ၏မူဝါဒက အများပြည်သူ၏မြေယာပိုင်ဆိုင်ခြင်း သယံဇာတပစ္စည်းများသုံးစွဲခြင်း အခွင့်အရေးအသိ မှတ်ပြုပါသလား။ (အဓိကအားဖြင့် ကုမ္ပဏီ၏လုပ်ငန်းများ လုပ်ဆောင်သော နေရာကလူများနှင့် ၎င်းလုပ်ငန်း များ၏ သက်ရောက်မှုများ ခံစားရသောလူများ၏အခွင့်အရေးများ)

၃၃. ကုမ္ပဏီတွင်နေရာ ရွှေ့ပြောင်းချထားခြင်း ပြန်လည်နေရာချထားခြင်းနှင့် ပက်သက်သော မူဝါဒတစ်ခု ကုမ္ပဏီတွင် ရှိပါသလား။ ကုမ္ပဏီက ရွှေ့ပြောင်းချထားပေးထားသော စခန်းတည်ရှိသည့်နေရာ။ ၎င်းနေရာ အသီးသီးတွင်နေသော အိမ်ထောင်စုများအရေအတွက်။ ၎င်းအိမ်ထောင်စုများ အသက်မွေးဝမ်းကြောင်း မူလအခြေအနေဖြစ်အောင် မည်ကဲ့သို့လုပ်ဆောင်ကြောင်း အချက်အလက်များကို ထုတ်ပြန်မှုမျိုးကုမ္ပဏီကပြုလုပ်ပါသလား။

၃၄. အထက်တွင်ဖော်ပြပါ မူဝါဒများရည်မှန်းချက်များကို မည်ကဲ့သို့လုပ်ဆောင်ကြောင်း ကုမ္ပဏီကပုံမှန် ထုတ်ပြန်မှုမျိုးပြုလုပ်ပါသလား။

၃၅. သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှု ဆန်းစစ်မှုများဆောင်ရွက်ပြီး စီမံခန့်ခွဲရေးအစီအစဉ်များ ကို ထုတ်ပြန်မှုမျိုးကုမ္ပဏီက ပြုလုပ်ပါသလား။

Myanmar Centre for Responsible Business, 15 Shan Yeiktha Street, Sanchaung, Yangon, Myanmar
Tel/fax: +95 1 510069info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org